ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု

# အစီအစဉ်




လူထုစည်းရုံးရေးမှူးအမည် - ဒေါ်မိုးဖြူဂင်း

လက်ထောက်နည်းပညာမှူးအမည် - ဦးဟိန်းဆက်အောင်


ကမာကေးကျေးရွာအုပ်စု၊ တော်ကပူးကျေးရွာ 2017 ခုနှစ်

# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ



၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ....3
၂။ တော်ကပူးကျေးရွာတည်နေရာပြမြေပုံ....4
၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း....5
၄။ ကျေးရွာအခြေခံအချက်အလက်များ....5
၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ....6
၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ....8
၆.၁ အရင်းအမြစ်ပြမြေပုံ....8
၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြပန်ကားချပ်.... 10
၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း.... 11
၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း.... 12
၆.၅ ရာသီခွင်ပြဇယား.... 14
၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု.... 16
၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ.... 17
၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း.... 19
၉။ ကျေးရွာအချက်အလက် (ပုံစံ-၁).... 20
၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂).... 22
၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃).... 23
၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄).... 24
၁၃။ အစည်းအဝေးမှတ်တမ်းများ.... 25
၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ.... 27
၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ.... 27
၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ.... 28

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ



Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
MIMU
PAUNG
Mawlamyine
CHAUNGZON
MAWLAMYINE
MUDON
Chaungzon
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair (GAD) translated by MIMU

## ၂။ တော်ကပူးကျေးရွာတည်နေရာပြမြေပုံ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
| --- | --- |
| ကမာကေးကျေးရွာအုပ်စု | တော်ကပူးကျေးရွာ |
| | ကမာကေးကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - တော်ကပူကျေးရွာ

ကျေးရွာအုပ်စုအမည် - ကမာကေးကျေးရွာအုပ်စု

လူဦးရေ - ကျား - ၁၂၈၂၊ မ ၁၂၉၃၊ စုစုပေါင်း ( ၂၅၇၅)ဦး

အိမ်ထောင်စု - ၄၇၀စု

ကျန်းမာရေးဆေးပေးခန်း - မရှိ

ပညာရေးအဆောက်အဦး -ရှိ

လူမှုရေးအဆောက်အဦး - မရှိ

အဓိက စီးပွားရေးလုပ်ငန်း - လယ်ယာလုပ်ငန်း၊ ကျဘမ်း

အဓိက ပိုင်ဆိုင်မှု - လယ်ယာ၊ ဥယျာဉ်

အခြားဆက်နွယ်မှု ရှိ/မရှိ - အုပ်စုအတွင်း ကျေးရွာများနှင့်ချိတ်ဆက်မှုရှိ


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 26.12.2016 | ကျေးရွာလူထု | 13 | 25 | 38 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၎င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | 26.12.2016 | ကျေးရွာလူထု | 13 | 25 | 38 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာခန ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 26.12.2016 | ကျေးရွာလူထု | 13 | 25 | 38 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 26.12.2016 | ကျေးရွာလူထု | 12 | 26 | 38 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 26.12.2016 | အမျိုးသား/ အမျိုးသမီး အုပ်စု | 12 | 26 | 38 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ကျေးရွာ၏ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲခြင်း (Village Development Visioning) | 9.1.2017 | အမျိုးသား/ အမျိုးသမီး အုပ်စု | 12 | 26 | 38 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား (၅) နှစ်စာအတွက် အမျိုးသား/အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးချမှတ်ခြင်း။ |
| ၇ | ကျေးရွာ၏ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်း (Village Development Priorities) | 9.1.2017 | အမျိုးသား/ အမျိုးသမီး အုပ်စု | 12 | 26 | 38 | - ယခုနှစ်လုပ်ငန်းအကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသား/အမျိုးသမီးများအပါဝင် ကျေးရွာလူထုတစ်ရပ်လုံးဖြင့် အစဉ်လိုက် ဦးစားပေးသတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ



**တော်ကပူးကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကမာကေးကျေးရွာအုပ်စု၊ တော်ကပူးကျေးရွာတွင် အိမ်ထောင်စု (470) စုရှိပြီး မွန်လူမျိုးအများစုနေထိုင်ကြပြီး ကရင်လူမျိုး (၁) စု နေထိုင်ကြပါသည်။ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် နေ့စား ကျဘမ်းအလုပ်များဖြင့် အဓိကအသက်မွေး ဝမ်းကျောင်းမှုများ ပြုကြပါသည်။

ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းကို စေတီနှင့်တွဲလျှက်တွေ့ရှိရပြီး အထင်ကရနေရာအဖြစ် ဝတ်ပြုကျောင်းဆောင်ရှိပါသည်။ ကမာကေးနှင့် တော်ကပူးရွာကြားတွင် ကျေးရွာဘောလုံးကွင်း ရှိပါသည်။ အခြေခံအဆောက်အဦးအနေဖြင့် မူလတန်းကျောင်း၊. မူကြိုကျောင်းများရှိပါသည်။ ကျေးရွာတွင်မူလတန်းကျောင်းသာ ရှိသောကြောင့် အလယ်တန်း၊ အထက်တန်း တက်ရောက်ရန် အတွက် ကမာကေးကျေးရွာတွင် ကလေးများကျောင်းသွားတက်ရပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျန်းမားရေးစောင့်ရှောက်မှု လိုအပ်ပါက အုပ်စုရွာ ဖြစ်သော ကမာကေးကျေးရွာတွင် ဆေးကုသမှုခံယူရပါသည်။ အရေးပေါ်အခြေနေဖြစ်ပေါ်လာပါက


မုရစ်ကလေးတိုက်နယ်ဆေးရုံတွင် ဆေးကုသရပါသည်။ တော်ကပူးကျေးရွာတွင် ကျေးရွာလူထုများ အလွယ်တကူသုံးစွဲနိုင်ရန် အတွက် အခြေခံအဆောက်အဦးများ နည်းပါးနေသည်ကို တွေ့ရှိရပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုရာတွင် ရေငန်းဝင်ရောက်တက်ခြင်း၊ ပိုးကျ၍သီးနှံများပျက်စီးခြင်း၊ ရေကာတာများပျက်စီးသောကြောင့် လယ်ယာထဲသို့ရေများဝင်ရောက်ပြီး စပါးအထွက်နှုန်းလျော့ကျလာခြင်းကြောင့် စာဝတ်နေရေးအဆင်မပြေသည့် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။ ကျေးရွာတွင်ရှိ လူနည်းစုများမှာ ရေလုပ်ငန်းကို အဓိကထားလုပ်ကိုင်စား သောက်ပြီး နေထိုင်ကြသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ကျဘာမ်းလုပ်ကိုင်စားသောက်ရာတွင် ကျေးရွာအတွင်းတွင်သာမဟုတ်ဘဲ တစ်ခြားကျေးရွာများသို့ သွားရောက်လုပ်ကိုင်ရခြင်း၊ အလုပ် အကိုင်အခွင့်အလမ်းရှားပါးခြင်း စသည့်အခြေနေများကြောင့် လူငယ်အများစုသည် အလုပ်အကိုင် အခွင့်အလမ်းများရရှိသော နိုင်ငံရပ်ခြားတွင် သွားရောက်လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်း ကျန်ရှိသော မိသားစုဝင်များမှာ ၄င်းတို့ထံမှ ထောက်ပံပေးပို့လိုက်သော ငွေကြေးဖြစ်ရပ်တည် နေထိုင်ကြပါသည်။

ကျေးရွာ၏ရွာပတ်လမ်းများသည် မြေနီလမ်းများဖြစ်ပါသည်။ မြေနီလမ်းများဖြစ်သည့် အတွက် မိုးရွာသည့်အခါ လမ်းများသည် ဗွတ်ထ၍သွားလာရခက်ခဲပါသည်။ တော်ကပူးကျေးရွာတွင် ရေတွင်း များသည် စုပေါင်းသုံးစွဲရန်အတွက်သာရှိပြီး နွေရာသီတွင် ရေလုံလောက်မှုမရှိပါ။ တော်ကပူးကျေးရွာ တွင် အဝီစိတွင်းများကိုသာ ရာသီမရွေးသုံးစွဲနိုင်သော်လည်း တပို့တွဲ၊ တပေါင်း၊ တန်ခူးလများတွင် ရေရှားပါးသည့်အခက်အခဲနှင့် ကြုံတွေ့ရပါသည်။ ယခင်နှစ်များမှ လူထုဗဟိုပြုစီမံကိန်းမှ ရေစင် တည်ဆောက်ပြီး ပိတောက်မြိုင်ရပ်ကွက်တွင်ရှိသော အိမ်ထောင်စုများသို့ ရေပိုက်သွယ်တန်ကာ ရေပေးဝေးထားပါသည်။ ထို့အပြင် မူလတန်ကျောင်း မျက်နှာကျက်များပြုပြင်ခဲ့ပါသည်။

အချုပ်အားဖြင့် ကမာကေးကျေးရွာအုပ်စု၊ တော်ကပူးကျေးရွာတွင် အများပြည်သူများ လက်လှမ်းမီစွာဖြင့် အလွယ်တကူသုံးစွဲ၍ အကျိုးဖြစ်ထွန်းစေနိုင်မည့် အခြေခံအဆောက်အဦ လိုအပ်ချက်များ များပြားကြောင်းနှင့် ၄င်းအခြေခံအဆောက်အဦများအား ကျေးရွာဖွံ့ဖြိုးရေးရံပုံငွေဖြင့် ဆောက်လုပ်မည်ဆိုပါကလည်း စီးပွားရေးအနေအထားအရ ခက်ခဲနိုင်ကြောင်း၊ ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုး ရေးမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ပံ့ပိုးဆောင်ရွက်မှသာလျှင် အခြေခံအဆောက်အဦးများ လျှင်မြန်စွာပြည့်မှီပြီး အကျိုးခံစားခွင့်ရနိုင်မည်ဖြစ်ကာ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုအတွက် လည်း အသက်မွေးဝမ်းကြောင်းနှင့်ပတ်သက်သည့် သင်တန်းများအား ကျေးရွာသူ/သားများအား ပံ့ပိုး ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ လိုအပ်နေကြောင်း လေ့လာသုံးသပ် ရပါသည်။ ထို့အပြင် ကျေးရွာတွင်နေထိုင်သော လူထုများမှာ ရပ်ရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်ပြီး အသိပညာနည်းပါခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ကိုင်ရာတွင် အလေ့အကျင့်နည်းပါးလျက်ရှိပါသည်။ ထို့ကြောင့် ကျေးရွာလူထုကိုယ်တိုင် အမှန်တကယ် လိုအပ်နေသော ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ၄င်းတို့အချင်းချင်း ပူးပေါင်းလုပ်ကိုင်ပြီး အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်များအား အခါအားလျော်စွာ လေ့ကျင့်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်

## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြဗန်ကားချပ်




### တော်ကပူးကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်

တော်ကပူးကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည်ကျေးရွာတွင် လွှမ်းမိုးမှုအရှိဆုံးအဖွဲ့ ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကဦးဆောင်နေသော အဖွဲ့အစည်းဖြစ်သည်။ လူငယ် ပရဟိတအဖွဲ့၊ နာရေးကူညီမှုအသင်း၊ ကျောင်းကော်မတီ၊ ရေကော်မတီ၊ ကျေးရွာစီထောက်ကော်မတီ အဖွဲ့များသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်သက်ဆိုင်ရာအဖွဲ့များနှင့် ချိတ်ဆက်ကာ ရပ်ရေး ရွာရေး ကိစ္စတွင်သာမက ကျေးရွာအတွင်း လိုအပ်ချက်များအား ကူညီဆောင်ရွက်ပေးနေသောအဖွဲ့

ဖြစ်ပါသည်။ မီးသတ်၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာ အဖွဲ့များသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ဆောင်ရန် အားနည်းနေသည့်ကို တွေ့ရှိရပါသည်။ ပြင်ပမှလာရောက်သော ကျေးလက်ဦးစီဌာန၊ ကျန်းမာရေးဌာန၊ စိုက်ပျိုးရေးဘဏ်၊ unicef အဖွဲ့များသည် ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်ပြီး ရေရရှိရေလုပ်ငန်းများ၊ လယ်သမားများအား ချေးငွေပေးမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်သို့လာရောက် လုပ်ဆောင်ပေးနေသော အဖွဲ့အစည်းများဖြစ်ပါသည်။ ကျေးရွာပြင်ပရှိအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ အကျိုးပြုလုပ်ငန်း များကို လုပ်ဆောင်နေကြသည်။ သို့သော်လည်း အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်လုပ်ဆောင်နိုင်မှု များ အားနည်းနေသေးသည်ကိုတွေ့ရသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



ဓနအင်အားအဆင့်သတ်မှတ်ခြင်း

ကျေးရွာအုပ်စု - ကမာကေး
ကျေးရွာ - တော်ကပူး
ရက်စွဲ - 26.12.16

| စဉ် | အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| ၁။ | က | တိုက်အိမ်၊ လယ် (၁၀) ဧကအထက်၊ ကား၊ ရော်ဘာခြံ (၅) ဧက၊ ဆိုင်ကယ် (၂)စီး၊ နွား၊ ကျွဲ၊ [illegible]၊ ကုန်စုံဆိုင် | 50 |
| ၂။ | ခ | ပျဉ်ထောင်အိမ်၊ သွပ်မိုး၊ ထော်လာဂျီ၊ ဈေးဆိုင်၊ TV၊ ဆိုင်ကယ် (၁)စီး၊ စက်ဘီး၊ လယ် (၅)ဧက | 200 |
| ၃ | ဂ | ဝါးအိမ်၊ စက်ဘီး၊ မြေယာမဲ့၊ [illegible]၊ ကျပန်း | 220 |
| | | | 470 |

**တော်ကပူးကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ တော်ကပူးကျေးရွာတွင် အိမ်ထောင်စု (470) စုရှိပြီး လယ်ယာ လုပ်ငန်းကို အဓိကလုပ်ကိုင်ကြကာ ကျဘမ်းလုပ်ကိုင်ကြသူများအပြင် အခြားနိုင်ငံများတွင် သွားရောက် လုပ်ကိုင်ပြီး စီးပွားရှာကြသူများ လည်းရှိကြောင်းတွေ့ရသည်။


အိမ်ထောင်စု (50) စုမှာတိုက်အိမ်၊ လယ်ဧက (10) ဧကအထက် လိုင်းကားရှိ၊ ရာဘာခြံ (5) ဧက၊ ကျွဲ ၊နွား၊ ဆိုင်ကယ် ၊ ကုန်စုံဆိုင်ပိုင်ဆိုင်မှုများရှိကာ ဓနအင်အားအဆင့်သတ်မှတ်ချက် (က) တွင်ပါဝင်၍ ချမ်းသာသူများဖြစ်ကြပါသည်။

အိမ်ထောင်စု (200) စု မှာ တိုက်အိမ်ပိုင်၊ လယ် (5) ဧက၊ ဆိုင်ကယ်ပိုင်၊ ပျဉ်ထောင် သွပ်မိုးအိမ်၊ ဈေးဆိုင်၊ ထော်လာဂျီ၊ ဆိုင်ကယ်များပိုင်ဆိုင်မှုဖြင့် အဆင့်သတ်မှတ်ချက် (ခ) တွင်ပါဝင်၍ အသင့်အတင့်ချမ်းသာကြသူများ ဖြစ်ကြပါသည်။

အိမ်ထောင်စု (220) စုမှာ ဓနိမိုးအိမ်၊ ငါးဖမ်းလှေ၊ စက်ဘီး၊ ခေါင်းရွက်သည်၊ ကျဘမ်းလုပ်ကိုင်စားသောက်သူ၊ မြေယာပိုင်ဆိုင်မှုမရှိသူ အဆင့်သတ်မှတ်ထားသော ဓနအင်အားအဆင့်သတ်မှတ်ချက် (ဂ) တွင်ပါဝင်၍ နွမ်းပါးကြသူများဖြစ်ကြသည်။

ကျေးရွာ၏ သုံးပုံ နှစ်ပုံခန့်မှာ နွမ်းပါးကြသည်ကိုတွေ့ရသည်။ ၎င်းကဲ့သို့ဖြစ်နေခြင်းမှာ စိုက်ပျိုးရေးကိုသာအဓိကအားထားနေကြရသော်လည်း စိုက်ပျိုးနိုင်သည့် အရင်းအမြစ်များပိုင်ဆိုင်မှုမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အသက်မွေးဝမ်းကျောင်းမှု အတတ်ပညာများ တတ်မြောက်မှုနည်းပါးသည့်အပြင် ပညာရေးကဏ္ဍတွင်လည်း အားနည်းမှုများရှိနေခြင်းတို့ကြောင့် ဖြစ်ကြောင်း သုံးသပ်ရပါသည် ။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



## တော်ကပူးကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း

ကွင်းကလိန်ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အဆင့် (၁၀) ဆင့် အချက် (၁၀) ချက်ဖြင့် သုံးသပ်ဆွေးနွေးခဲ့ပါသည်။

### 1. ခေါင်းဆောင်မှုကဏ္ဍ

ဦးဆောင်မှုကဏ္ဍတွင် အမျိုးသားများက အမျိုးသမီးများထက် ပိုမိုများပြား နေပါသည်။ အမျိုးသမီး အများစုသည် အိမ်မှုကိစ္စများကို အဓိကလုပ်ကိုင်နေရသောကြောင့် အားနည်းရခြင်း ဖြစ်သည်။ အမျိုးသမီးများကိုယ်တိုင်သည်လည်း ခေါင်းဆောင်မှုအပိုင်းသည် အမျိုးသားများနှင့်သာ သက်ဆိုင်သည်ဟု ယူဆထားသောကြောင့် ဦးဆောင်မှုအပိုင်းတွင် အမျိုးသမီးများ အားနည်းနေရခြင်းဖြစ်ပါသည်။

### 2. ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပညာသင်ကြားမှု အခွင့်အလမ်း များရရှိနေပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများကို ဝိုင်းကူညီပေးရခြင်း၊ အမျိုးသမီးဖြစ်လျှင် မူလတန်းပညာအထိသာ တက်ရောက်သင့်သည်ဟု ရှေးအယူအဆများကြောင့်လည်း အမျိုးသမီးများ ပညာသင်ကြားမှုတွင် အားနည်းနေရခြင်း ဖြစ်ပါသည်။

### 3. အိမ်မှုကိစ္စ

အိမ်မှုကိစ္စရပ်များတွင် အမျိုးသမီးများမှသာ ဦးဆောင်နေသည်ကို တွေ့ရသည်။ အကြောင်းမှာ အိမ်မှုကိစ္စရပ်များအား အစဉ်အလာအရ အမျိုးသမီးများနှင့်သာ သက်ဆိုင်သည်ဟု ခံယူထားကြပြီး အမျိုးသမီးများမှသာ ဦးဆောင်ရွက်ပြုကာ လုပ်ကိုင်နေကြသောကြောင့် ဖြစ်သည်။

### 4. ဝင်ငွေ

ဝင်ငွေရရှိမှုအပိုင်းသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် တိုက်ရိုက်အချိုးကျမှုရှိနေသည်ကို တွေ့ရသည်။ အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသမီးများထက် ပိုမိုနေသောကြောင့် ဝင်ငွေရရှိမှုအပိုင်းတွင်လည်း အမျိုးသားများကသာ အမျိုးသမီးများထက် ပိုမိုသည်။ လုပ်အားအတွက် အချိန်ပေးမှုမှာ အမျိုးသားများနှင့် အမျိုးသမီးများတန်းတူ ဖြစ်သော်လည်း လုပ်ငန်းအားလုံး နီးပါးတွင် လုပ်ခလစာပေးချေမှုမှာ အမျိုးသမီးများထက်စာလျှင် အမျိုးသားများက ပိုမိုရရှိခြင်းကြောင့် လည်း ဝင်ငွေရရှိမှုအပိုင်းတွင် အမျိုးသားများက ပိုသည်ကိုတွေ့ရသည်။

### 5. အလုပ်အကိုင်အခွင့်အလမ်း

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများမှာ အမျိုးသမီးများထက် အလုပ်အကိုင်အခွင့် အလမ်း များပြားကြပါသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများကို ပိုမိုလုပ်ရခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းရှားပါးကြပါသည်။

## 6. လုံခြုံမှု

ဘဝလုံခြုံမှုအပိုင်းကိုလေ့လာရာတွင်လည်း အမျိုးသားများမှပိုမိုမြင့်မားသည်ကို တွေ့ရသည်။ လေ့လာသုံးသပ်ချက်အရ အမျိုးသမီးများ ဘဝလုံခြုံမှုအပိုင်းတွင် နိမ့်ကျနေခြင်းမှာ ပတ်ဝန်းကျင် ပယောဂများကြောင့်မဟုတ်ဘဲ ၄င်းတို့၏စိတ်ပိုင်းဆိုင်ရာကြောင့်သာ လုံခြုံမှုနည်းသည်ဟု ခံစားရခြင်း ဖြစ်ကြောင်းသိရှိရသည်။


## 7. ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ဤကဏ္ဍတွင် အမျိုးသမီး၊ အမျိုးသားများသည် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု တူညီလျက်ရှိပါသည်။ အမျိုးသား/အမျိုးသမီး ခွဲခြားထားမှုများမရှိဘဲ ရှာဖွေဆုဆောင်းရာမှ ရရှိလာ သည့်ပစ္စည်းဥစ္စာများအား အတူတကွ ပိုင်ဆိုင်ပြီး ထိန်းချုပ်သုံးစွဲမှုများရှိသည်။

## 8. ရပ်ရွာအရေးပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် အရင်းအမြစ်များကိုစီမံခန့်ခွဲခွင့်

၄င်းကဏ္ဍ (၃) ခုလုံးတွင် အမျိုးသားများဖက်မှ ဦးဆောင်မှုနှင့် ထိန်းချုပ်ထားမှုမှာ အမျိုးသမီးများ ထက်သာလွန်နေသည်ကိုတွေ့ရသည်။ အကြောင်းမှာ အမျိုးသားအများစုအား အိမ်ထောင်ဦးစီးများဖြစ် သတ်မှတ်ထားခြင်း၊ မိသားစုအားဦးဆောင်ကြခြင်း၊ ဝင်ငွေကိစ္စရပ် များတွင် ဦးဆောင်ကြခြင်းအပြင် အချို့သောအမျိုးသမီးအများစုမှာ အမျိုးသားများ အပေါ်တွင်သာ မှီခိုအားထားပြုနေကြခြင်းတို့ကြောင့် ၄င်းကဏ္ဍအားလုံးတွင် အမျိုးသားများမှ သာလွန်ကြောင်း လေ့လာသုံးသပ်ရပါသည်။

### ၆.၅ ရာသီခွင်ပြဇယား



**တော်ကပူးကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်**

တန်ခူးလနှင့်ကဆုန်လတို့သည် အပူပြင်းဆုံးဖြစ်ပြီး ဝါဆို၊ ဝါခေါင်လများတွင် မိုးများ၍ ပြာသို၊ တပို့တွဲလတွင် အအေးဆုံးဖြစ်သည်။ ကျန်းမာရေးအနေဖြင့် ကဆုန်၊ နယုန်၊ ဝါဆို၊ ပြာသိုလများတွင် ကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ကြပါသည်။

လယ်ယာလုပ်ငန်းအနေဖြင့် ကဆုန်၊ နယုန်လများတွင် ထွန်ယက်ခြင်း၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် စိုက်ပျိုးပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ရိတ်သိမ်းကြသည်။ အဓိက အခက်အခဲအနေဖြင့် ရေစီးရေလာမကောင်းခြင်း၊ ချောင်းကောခြင်း၊ မြေဆီလွှာခန်းခြောက်ခြင်း၊ တာတံမံမှ ရေများဝင်ရောက်လာခြင်းအပြင် နည်းပညာလိုအပ်ချက်များရှိသည်။ လယ်ယာလုပ်ငန်း လုပ်ဆောင်နေစဉ်အချိန်တွင် ဝင်ငွေများရရှိသော်လည်း ကျန်ရှိသောလများတွင် အလုပ်အကိုင်အခွင့် အလမ်း ရှားပါသောကြောင့် ဝင်ငွေရရှိမှုနည်းပါလားပါသည်။


နေ့စားလုပ်ကိုင်မှုမှာ တစ်နှစ်ပတ်လုံး လုပ်ကိုင်ကြပြီး ကျေးရွာတွင်သာမက တစ်ခြားသော ကျေးရွာများတွင်လည်း သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စု (400) ခန့်ရှိသည်ဟုသိရသည်။ တစ်နှစ်တာဝင်ငွေမှာ (3) သိန်းခန့်ရရှိပါသည်။ တော်ကပူးကျေးရွာ၏ ပွဲတော်လများမှာ တပေါင်း၊ တန်ခူးလတွင် ကျိုက်တာဘုရားပွဲကို ကျေးရွာလူထုအားလုံး ပါဝင်ဆင်နွဲကြပါသည်။ ရေရရှိမှုအနေဖြင့် တော်ကပူးကျေးရွာတွင် တပို့တွဲ၊ တပေါင်း၊ တန်ခူးလများတွင် ရေရှားပါးသည့်ခက်ခဲနှင့် ကြုံတွေ့နေရပါသည်။

ရော်ဘာလုပ်ငန်းအနေဖြင့် တော်သလင်း သီတင်းကျွတ်လများတွင် အထွက်နှုန်းကောင်းမွန်ပြီး အဓိကပြဿနာမှာ ဈေးနှုန်းကျဆင်းခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများရှိသည်ကို တွေ့ရသည်။ ရေလုပ်ငန်းအား (၁) နှစ်ပတ်လုံးလုပ်ကိုင်ကြပြီး အဓိကအခက်အခဲမှာ အသုံးပြုသည့် ပစ္စည်းကိရိယာ ဈေးကြီးမှုနှင့် သားငါး ရှားပါးလာခြင်းဖြစ်သည်။

ပွဲတော်ကာလအနေဖြင့် တန်ခူး၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ ပြာသို၊ တပို့တွဲလတို့တွင် ရိုးရာပွဲတော်များရှိပါသည်။

စပါးစိုက်ပျိုးသည့် ကဆုန်၊ နယုန်လများနှင့် ကျေးရွာဓလေ့ပွဲတော်များ ပုံမှန်ကျင်းပပြုလုပ်လေ့ရှိသည့် ပြာသို၊ တပို့တွဲလနှင့် တန်ခူးလတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်မည်ဆိုပါက ကျေးရွာလူထုများမအားလပ်သဖြင့် လူထုပူးပေါင်းပါဝင်မှု အပြည့်အဝရနိုင်မည်မဟုတ်ပေ။

## ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



### တော်ကပူးကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်

တော်ကပူးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျသော အခြေခံအဆောက်အဦ အများအပြား လိုအပ်ချက်ရှိနေသေးသည်ကိုတွေ့ရသည်။ ကျေးရွာတွင်ရှိ အရင်အမြစ်များကို သုံးစွဲရာတွင် အမျိုးသမီး၊ အမျိုးသား အသုံးပြုမှုရှိကြသော်လည်း အရင်းအမြစ်များကို ထိန်းချုပ်မှုနှင့် ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများကသာ ဦးဆောင်လုပ်ကိုင်နေကြပါသည်။ ဆုံးဖြတ်ချက်ချမှု၊ ဦးဆောင်မှုများကို အမျိုးသမီးများမှ လုပ်ဆောင်မှုအားနည်းနေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အခါအားလျော်စွာ အမျိုးသမီးများ၏ ပါဝင်မှု၊ ဦးဆောင်ဆွေးနွေးမှုများ ရရှိလာစေရန် အလေ့အကျင့်များ ရှိလာအောင် လုပ်ဆောင်ပေးသင့်ပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ






ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကမာကေးကျေးရွာအုပ်စု၊ တော်ကပူးကျေးရွာ)



## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | တာဝန် | ကော်မတီ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးလှသန်း | ဥက္ကဌ | စီထောက် | |
| ၂ | မုန်းမုန်း | ဥက္ကဌ | | |
| ၃ | ဦးပန်းရွှေ | ကိုယ်စားလှယ် | | |
| ၄ | ဦးတင်ဖေ | ခေါင်းဆောင် | ဝယ်ယူရေး | |
| ၅ | ဒေါ်သန်းသန်းဦး | အဖွဲ့ဝင် | | |
| ၆ | ဒေါ်သီသီအေး | အဖွဲ့ဝင် | | |
| ၇ | ဦးတာတာနိုင် | ခေါင်းဆောင် | စောင့်ကြည့်ကြီးကြပ်ရေး | |
| ၈ | ဒေါ်ရေကြည် | အဖွဲ့ဝင် | | |
| ၉ | ဦးထွန်း | ခေါင်းဆောင် | လည်ပတ်ထိန်းသိမ်းရေး | |
| ၁၀ | ဒေါ်ခင်လှ | အဖွဲ့ဝင် | | |
| ၁၁ | ဦးသက်နိုင် | ခေါင်းဆောင် | အကြံပြုတိုင်ကြားရေး | |
| ၁၂ | ဒေါ်စန်းစန်းဝင်း | အဖွဲ့ဝင် | | |
| ၁၃ | ဒေါ်စန်းငွေ | | စေတနာဝန်ထမ်း | |
| ၁၄ | ဦးတင်ရွှေ | | | |
| ၁၅ | ဒေါ်အေးတင် | | | |
| ၁၆ | ဒေါ်မြတ်မြတ်ထက် | | စာရင်းကိုင် | |

## ၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)



ပုံစံ - ဝ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|
| ဦးဖေအောင်ဝင်း | | 09-452481066 | ဒေါ်မြင့်ဝင်း |
| **ပြည်နယ်၊တိုင်းဒေသကြီး** | **မြို့နယ်** | **ကျေးရွာအုပ်စု** | **ကျေးရွာ** |
| - မွန် | - ချောင်းဆုံ | - ကမာကေး | တော်ကပူး |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---မွန်---- | 469 | ဘာသာ (၁) -ဗုဒ္ဓ----- | 469 |
| လူမျိုးစု (၂) ---ကရင်- | 1 | ဘာသာ (၂) -ဗုဒ္ဓ----- | 1 |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 20 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 82 | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---မွန်---- | 1335 | 1362 |
| လူမျိုးစု (၂)-ကရင်---- | 2 | |
| လူမျိုးစု (၃)----------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 270 | 200 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☑ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း **ကတ္တရာလမ်း** ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား __________


(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — **ရှိပါသည်**/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် 2015/မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — **ပြုခဲ့ပါသည်**/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး



(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၀.၇၅

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန် --- ၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် --- ၅ မိနစ် --- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------

(၂) ------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည်

လက်မှတ် နေ့စွဲ 26.12.16

လူထုစည်းရုံးရေးမှူး အမည်

လက်မှတ် နေ့စွဲ 26.12.16

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)



ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား

လမ်းညွှန်ချက် - သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ပန်ထမ်း အမည်

နေ့စွဲ - 26.12.16

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

ပြည်နယ်/တိုင်း - မြို့နယ် - ကျေးရွာအုပ်စု - ကျေးရွာ -

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 26.12.16 | 26.12.16 | 63 | 182 | 245 | -234 -11 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 9.1.17 | 9.1.17 | 61 | 176 | 237 | -233 -4 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 9.1.17 | 9.1.17 | 61 | 176 | 237 | -233 -4 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 16.2.17 | 10.3.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးစီမံချက် ရေးဆွဲခြင်း | | | | | | |

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်**
**(ကမာကေးကျေးရွာအုပ်စု၊ တော်ကပူးကျေးရွာ)**

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

[illegible]

| | | | |
|---|---|---|---|
| [illegible] အမည် - ဦးဖြူဝင်း | | | |
| ခုနှစ် 9.1.17 | | ဝက်ဝန်းအား အမှတ်ခြစ်ပါ (√) □ ဝက်ဝန်း(၁) ☑ ဝက်ဝန်း(၂) □ ဝက်ဝန်း(၃) □ ဝက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း - မွန် | မြို့နယ် ချောင်းဆုံ | ကျေးရွာအုပ်စု ကမာကေး | ကျေးရွာ တော်ကပူး |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|
| ၁ ရေတိုက်စားသောကြောင့် လမ်းများပျက်စီးနေပြီး သွားလာရခက်ခဲခြင်း | ၁ ရေတိုက်စားသောကြောင့် လမ်းများပျက်စီးနေ၍ သွားလာရခက်ခဲခြင်း |
| ၂ သောက်သုံးရေရှားပါးသောကြောင့် ရေမလုံလောက်သဖြင့် အခက်အခဲ | ၂ သောက်သုံးရေရှားပါးသောကြောင့် ရေမလုံလောက်သဖြင့် အခက်အခဲ |
| ၃ ဆက်သွယ်ရေးတိုက်ရိုက်မရှိသဖြင့် ကျေးရွာလူထုများ [illegible] အခက်အခဲ | ၃ ဆေးပေးခန်းမရှိသဖြင့် အရေးပေါ် ကျန်းမာရေး အခက်အခဲ |
| ၄ ဆေးပေးခန်းမရှိသဖြင့် အရေးပေါ်ကျန်းမာရေး အခက်အခဲ | ၄ ဆက်သွယ်ရေးတိုက်ရိုက်မရှိ၍ ကျေးရွာလူထုများ [illegible] ပါ၍ အခက်အခဲ |
| ၅ အလုပ်အကိုင်ရှားပါးသောကြောင့် ဝင်ငွေနည်းပါးသဖြင့် အခက်အခဲ | ၅ အလုပ်အကိုင်ရှားပါးသောကြောင့် ဝင်ငွေနည်းပါးသဖြင့် အခက်အခဲ |


ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|
| ၁ ကျေးရွာတွင်းရှိလမ်းများအားလုံးကောင်းမွန်လာစေရမည်။ | ၁ ကျေးရွာတွင်းရှိလမ်းများအားလုံးကောင်းမွန်လာစေရမည်။ |
| ၂ သောက်သုံးရေလုံလောက်စွာရရှိသောကျေးရွာဖြစ်လာရမည်။ | ၂ သောက်သုံးရေလုံလောက်စွာရရှိသောကျေးရွာဖြစ်လာရမည်။ |
| ၃ ဆက်သွယ်ရေးတိုက်ရိုက်ရှိသောကျေးရွာဖြစ်လာရမည်။ | ၃ ကျန်းမာရေးစောင့်ရှောက်မှုရှိပြီး ဆေးပေးခန်းရှိသော ကျေးရွာဖြစ်လာရမည်။ |
| ၄ ကျန်းမာရေးစောင့်ရှောက်မှုရှိပြီးဆေးပေးခန်း | ၄ ဆက်သွယ်ရေးတိုက်ရိုက်ရှိသောကျေးရွာဖြစ်လာရမည်။ |
| ၅ ရှိသောကျေးရွာဖြစ်လာရမည်။ | ၅ အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာရမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေရရှိရေးလုပ်ငန်း (ရေစစ်+ရေတင်+ပိုက်ဆက်) | ကျား + မ | 17,000,000 | 2699 |
| ၂. | မြေသားလမ်း မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း (အရှည်: 1800'x14'x6") | ကျား + မ | 34,000,000 | 2699 |
| ၃. | ဆေးပေးခန်းတည်ဆောက်ခြင်း | ကျား + မ | 20000000 | 2699 |
| ၄. | ဆက်သွယ်ရေးတိုက်ရိုက်တည်ဆောက်ခြင်း | ကျား + မ | 10000000 | 2699 |

## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)




ပုံစံ - ၀ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

ဥက္ကဋ္ဌ/ဌာနဆိုင်ရာအမည် - ဒေါ်နိုးဖြူဝင်း

ပြည်နယ်/တိုင်း - မွန် | မြို့နယ် - ချောင်းဆုံ | ကျေးရွာအုပ်စု - ကမာကေး

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ကမာကေး | အရှေ့ပိုင်းလမ်း၊ ကွန်ကရစ်လမ်း ခင်းခြင်း | 198'x12'x06" | 2589 | □ ကျား □ မ □ ကျား+မ | 3500000 | | | | 3500000 |
| တော်ကပူ | [illegible] | (2"ϕ190' Tube well, gal 10000 (24'x12'x6'), (12'x6'x7'), (2"ϕ PVC pipe line 7534') | | □ ကျား □ မ □ ကျား+မ | 24400000 | | | | 24400000 |

ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဒေါ်နိုးဖြူဝင်း လက်မှတ် ရက်စွဲ 9.[illegible].17



ပုံစံ - ၀ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

ပြည်နယ်/တိုင်း - မွန် | မြို့နယ် - ချောင်းဆုံ | ကျေးရွာအုပ်စု - ကမာကေး

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| တော်ကပူ | [illegible] ကွန်ကရစ်လမ်းခင်းခြင်း | (1500'x12'x0'6") | | □ ကျား □ မ □ ကျား+မ | 26600000 | | | | 26600000 |

ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဒေါ်နိုးဖြူဝင်း လက်မှတ် ရက်စွဲ 9.1.17

## ၁၃။ အစည်းအဝေးမှတ်တမ်းများ

<u>အစည်းဝေးမှတ်တမ်း</u>

ကျေးရွာအမည် - ကမာကေးကျေးရွာ
ကျေးရွာအုပ်စု - တော်ကပူးကျေးရွာ
ရက်စွဲ - 26.12.16
စတင်ချိန် - 11:00 နာရီ
ပြီးဆုံးချိန် - 4:00 နာရီ
အကြောင်းအရာ - ပထမအကြိမ်
အစီရင်ခံတင်ပြသူ - မိုးမြူဝင်း (CF)
ဦးဆောင်ဆွေးနွေးသူ - ဦးရန်နောင်၊ ဦးဟိန်းထက်အောင်၊ ဒေါ်မိုးမြူဝင်း၊ ဒေါ်ခင်ဇာခြည်လင်း

ကမာကေးကျေးရွာအုပ်စု တော်ကပူးကျေးရွာ (၂၆.၁၂.၂၀၁၆) ရက်နေ့ (၁၁း၀၀) နာရီတွင် ပထမအကြိမ်အစည်းဝေးကို စတင်ပြုလုပ်ခဲ့ပါသည်။ အိမ်ထောင်စု (၂၄၅) ဦးတက်ရောက်ခဲ့ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ပထမနှစ်စီမံကိန်း ပြီးဆုံးသွားပြီးဖြစ်၍ ဒုတိယနှစ် စီမံကိန်းစတင် အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ကျေးရွာဖွံ့ဖြိုးရေးကို အဓိကထား လုပ်ဆောင်သော လုပ်ငန်းဖြစ်ပြီး တစ်ဦးတစ်ယောက်တည် လုပ်ဆောင်လို့ရသော လုပ်ငန်းမဟုတ်သောကြောင့် စုစည်းပြီးလုပ်ဆောင်ရမည်ဖြစ်ကြောင်း လူတိုင်းတွင်တာဝန်ရှိပါကြောင်း လူဟောင်းနှင့်လူသစ် ပူးပေါင်းလုပ်ဆောင်ကြစေလိုကြောင်း ရွာသူရွာသားများမှလည်း ကျေးရွာ၏ အမှန်တကယ် လိုအပ်ချက်များကိုသာ တင်ပြစေလိုကြောင်း ကော်မတီရွေးချယ်ရာတွင်လည် အမှန်တကယ် လုပ်ကိုင်နိုင်သော လူကိုသာရွေးချယ်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

စီမံကိန်းမိတ်ဆက် (၁၅)ချက် ကို ဦးရန်နောင်မှ တင်ပြဆွေးနွေးခဲ့သည်။ စီမံကိန်းစက်ဝန်း အပိုင်း(၆)ပိုင်း ကို တင်ပြဆွေးနွေးခဲ့သည်။ အဓိကပါဝင်သူများ၏ အခန်းကဏ္ဍကို ဦးဟိန်းထက်အောင်မှ တင်ပြဆွေးနွေးခဲ့သည်။ ထို့နောက် စေတနာဝန်ထမ်းရွေးချယ်ရန်အတွက် စေတနာဝန်ထမ်း၏ တာဝန်ဝတ္တရာများကို ရှင်းပြခဲ့သည်။ စေတနာဝန်ထမ်း (၂) ဦး ဒေါ်အေးမော် နှင့် ဦးဖိုးချို တို့ကို ရွေးချယ်ခဲ့ပါသည်။

တက်ရောက်လာသူများအား အဖွဲ့(၃)ဖွဲ့ခွဲပြီး PRA Tools သုံးသပ်ခဲ့ပြီး ပြန်လည်တင်ပြဆွေး နွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုနောက်တက်ရောက်လာသူများအား ကျေးဇူးတင်စကားပြောကြားပြီး အစည်းဝေးကို ညနေ (၄း၀၀) အချိန်တွင် ပိတ်သိမ်းခဲ့ပါသည်။

<u>မှတ်တမ်းတင်သူ</u>

အစည်းဝေးမှတ်တမ်း

ကျေးရွာအမည် - ကမာကေးကျေးရွာ

ကျေးရွာအုပ်စု - တော်ကပူးကျေးရွာ

ရက်စွဲ - 9.1.2017

စတင်ချိန် - 10:00 နာရီ

ပြီးဆုံးချိန် - 3:00 နာရီ

အကြောင်းအရာ - ဒုတိယအကြိမ်အစည်းဝေး

အစီရင်ခံတင်ပြသူ - မိုးမြူဝင်း (CF)

ဦးဆောင်ဆွေးနွေးသူ -မိုးမြူဝင်း၊ ခင်ဇာခြည်လင်း၊ ရန်နောင်၊ ဟိန်းဆက်အောင်

ကမာကေးကျေးရွာအုပ်စု ၊ တော်ကပူးကျေးရွာ (9.1.17) ရက်နေ့တွင် ဒုတိယအကြိမ်အစည်းဝေးကိုနေ့လယ် (၁၀း၀၀) နာရီတွင် ပြုလုပ်ခဲ့ပါသည်။ အိမ်ထောင်စု (၂၃၇) စု တက်ရောက်ခဲ့ပါသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး အဖွင့်အမှာစကားပြောကြားခဲ့သည်။ အမျိုးသား အမျိုးသမီးနှစ်ဖွဲ့ခွဲပြီး ကျေးရွာဖွံ့ဖြိုးရေးတွက်ဖြစ်ပေါ်နေသော အခက်အခဲပြဿနာ နှင့် နောက်(၅)နှစ်အတွင်းဖြစ်လာရမည် ကျေးရွာမျှော်မှန်းချက်များအားဆွေးနွေးခဲ့ကြသည်။ ထို့နောက်ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ထုတ်ဆွေးနွေးခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ရွေးချယ်ရာတွင် အမှန်တကယ်လိုအပ်ချက်များကိုသာ တင်ပြဆွေးနွေးပေးကြရန် ဆွေးနွေးခဲ့သည်။ ကျေးရွာဦးစားပေးလုပ်ငန်းများကို ရွေးချယ်ရန်အတွက် ကျေးရွာလူထုများမှ မဲခွဲပြီးရွေးချယ်ခဲ့ကြပါသည်။ ရေရရှိရေး ( အဝီစိ၊ ပိုက် ၊ ရေစည်၊ စက်)၊ လမ်းတံတားပြုပြင်ခြင်း အရှေ့ပိုင်လမ်းနှတ်စင်လမ်း၊ မြောက်ပိုင်လမ်း) ၊ အ.မ.က (မြောက်)ကျောင်းပြုပြင်ခြင်း၊ ရေမြောင်းတူးဖော်ခြင်း၊ ဈေးပြုပြင်ခြင်း လုပ်ငန်းများကို ကျေးရွာလူထုမှ တင်ပြရွေးချယ်ခဲ့ကြသည်။ ထို့နောက် ကော်မတီဝင်များရွေးချယ်ရာတွင် ကျေးရွာလူထုမှအဆိုပြုသော ကော်မတီဝင်(၁၆)ဦး ရွေးချယ်ခဲ့ပါသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးမှ အစည်းဝေးတက်ရောက်လာသူများအား ကျေးဇူးတင်စကားပြောကြားပြီး အစည်းဝေးကို ညနေ (၃း၀၀)တွင်ပြီးဆုံးခဲ့သည်။

မှတ်တမ်းတင်သူ

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျား/မ | ရေဝတိုက်စားသောကြောင့် လမ်းများပျက်စီးနေသည့်အခက်အခဲ |
| ၂ | ကျား/မ | ရေအရင်းအမြစ်နည်းပါးသဖြင့် သန့်ရှင်းသော သောက်သုံးရေခက်ခဲခြင်း |
| ၃ | ကျား/မ | စာကြည့်တိုက်မရှိသဖြင့် ကျေးရွာလူထုများ စာပေ ဗဟုသုတနည်းပါးသည့် အခက်အခဲ |
| ၄ | ကျား/မ | ကျေးလက်ဆေးပေးခန်းမရှိသဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်း။ အခြားကျေးရွာများတွင် သွားရောက်ပြသရသဖြင့် အခက်အခဲကြုံတွေ့ရခြင်း။ |
| ၅ | ကျား/မ | အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာများ၊ အသိပညာများအားနည်းခြင်းကြောင့် ဝင်ငွေရရှိမှုနည်းပါးပြီး စားဝတ်နေရေးကျပ်တည်းခြင်း |

## ၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျား/မ | ကျေးရွာအတွင်းရှိလမ်းများအားလုံး ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ထားသော လမ်းများရှိ နှင့် ပြီးသာဖြစ်ရမည်။ |
| ၂ | ကျား/မ | ကျေးရွာသူ/သားများ လုံလောက်စွာအသုံးပြုနိုင်မည့် သောက်သုံးရေအရင်းအမြစ်များ ရှိနှင့်ပြီးလက်လှမ်းမီစွာ အသုံးပြုနိုင်ရမည်။ |
| ၃ | ကျား/မ | ကျေးရွာအတွင်းရှိ ကျေးရွာလူထုများ စာပေးဗဟုသုတရှာဖွေနိုင်မည့် စာကြည့်တိုက် အဆောက်အဦးရှိနှင့်ပြီးသာ ဖြစ်ရမည်။ |
| ၄ | ကျား/မ | ကျေးရွာသူ/သားများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲများ/ အခြေခံအဆောက်အဦများ ရှိနှင့်ပြီးဖြစ်ရမည်။ |
| ၅ | ကျား/မ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင် ရမည်။ |

## ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်း သင်တန်းများ | ၁ | စက်ချုပ်သင်တန်း | မ | | |
| | ၂ | ဖုန်းပြုပြင်နည်းသင်တန်း | ကျား | | |
| | ၃ | မိတ်ကပ်နှင့်အလှပြုပြင်ရေးသင်တန်း | မ | | |
| | ၄ | ကားဝပ်ရှော့သင်တန်း | ကျား | | |
| | ၅ | စိုက်ပျိုးရေးသင်တန်း | ကျား/မ | | |
| | ၆ | မွေးမြူရေးသင်တန်း | ကျား/မ | | |
| အခြေခံအဆောက်အဦ | | | | | |

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်း နှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။